
# မင်းသိခ်


## ဗေဒင်မမေးခင် ဗေဒင်သင်

ဆရာကြီးမင်းသိခ်၏ ဗေဒင်သင်တန်းများမှ မူရင်းမူမှန်ပို့ချချက်များ

ရှာဖွေစုဆောင်းတင်ပြသူ

**ဝင်းကျော် (သစ်တော)**





တစ်ခုသော သင်တန်းဖွင့်ပွဲ (၂၀၀၄ ခုနှစ်)



ဗေဒင်သင်တန်းပြနေစဉ် (နာလန္ဒာသင်တန်းခန်းမ)



ဆရာမင်းသိခ်နှင့် စာရေးသူ ဝင်းဖော်(သစ်တော)

## ဝန်ခံခြင်း

ကြာတော့... ကြာခဲ့ပါပြီ။ ၁၉၇၄ ခုနှစ်လောက်ကပါ။ ကျွန်တော့် အစ်ကိုကြီးမင်းသိခ်က အမှတ်(၂၉၅)၊ ဘိုးလိန်းလမ်း၊ (ယခု ဗညားဒလလမ်း) နေအိမ်မှာ ဗေဒင်သင်တန်း ပေးခဲ့ဖူးပါတယ်။ မြန်မာ့ရိုးရာဗေဒင်ပညာကို တီးမိခေါက်မိရုံ အခြေခံအဆင့် သင်ပေးခဲ့တာပါ။ သင်တန်းသားက တော်တော်များ ပါတယ်။ နှစ်ယောက်တည်းပါ။ ကျွန်တော်နဲ့ အေးမောင်ဆိုတဲ့ ကျွန်တော်နဲ့ သက်တူရွယ်တူ လူငယ်တစ်ယောက်ပါ။ အေးမောင် ဆုံးသွားတာတောင် နှစ်ပေါင်းသုံးဆယ်လောက် ရှိပြီထင်ပါတယ်

။

ကျွန်တော့်အစ်ကိုကြီး မင်းသိခ် ဟာ ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးအခင်းမှာ လှုံ့ဆော်ဟောပြောလို့ တစ်သက်တစ်ကျွန်း ထောင်နန်းစံသွားရပါတယ်။ ကံကောင်းတော့ ၁၉၉၂ ခုနှစ်မှာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လွတ်လာတယ်။ အဲဒီ ၁၉၉၂ ခုနှစ် ထဲမှာ ပဲ ကျွန်တော့်ဆီမှာ ရှိတဲ့ ၁၉၇၄ ခုနှစ်က သူသင်ပေးထားတဲ့ မြန်မာ့ရိုးရာ ဗေဒင်ပညာသင်တန်း မှတ်စုတွေကို ပြန်တောင်းလို့ မင်းသိခ်က အဲဒီသင်တန်းမှတ်စုတွေကို သင်ရိုးလုပ်ပြီး ၁၉၉၃ ခုနှစ်ကနေ ၁၉၉၇ ခုနှစ်အထိ သုဝဏ္ဏ၊ မာကြူရီလမ်း နေအိမ်မှာ ဗေဒင်သင်တန်းပေးခဲ့တယ်။ တစ်လတစ်ကြိမ် သင်တန်းဖွင့်တယ်။ သင်တန်းသားများ တယ်။ သင်တန်းသား ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ရှိတယ်။ နောက် ၂၀၀၀ ခုနှစ်က ၂၀၁၈ ခုနှစ်အထိ မော်ဘီမရမ်းတလင်းခြံမှာ ဗေဒင်သင်တန်းတွေကို တစ်လတစ်ကြိမ် ဖွင့်တယ်။ တစ်လ… တစ်လ သင်တန်းသား နှစ်ရာနီးပါးရှိတယ်။ ခု… ကျွန်တော်က အဲဒီသင်ရိုးလုပ်ထားတဲ့ သင်တန်းမှတ်စုတွေကို စာအုပ်အဖြစ် ပြန်လည်ထုတ်ဝေဖြန့်ချိတာပါ။

ပထမဦးဆုံး… ရိုးရှင်းလွယ်အောင် သင်ရိုးလုပ်ထားတဲ့ '**မဟာဘုတ်ဗေဒင်ပညာ**' အခြေခံသင်တန်းမှတ်စုကို စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပါတယ်။ မဟာဘုတ်ဗေဒင်ပညာကို လုံးဝမသိသေးတဲ့ သူတွေ စတင်လေ့လာဖို့ အတွက် ရည်ရွယ်တာပါ။ အခြေခံအဆင့်၊ အခြေခံသင်ရိုးပါ။ 'မဟာဘုတ်ဗေဒင်ပညာ'သမုဒ္ဒရာကြီးထဲက 'မဟာဘုတ်ဗေဒင်ပညာ'ရေစက် တစ်စက်မျှသာ ဖြစ်ပါတယ်လို့ ရိုးသားစွာ ဝန်ခံလိုက်ပါတယ်။

မြန်မာ့ရိုးရာဗေဒင်ပညာရှိကြီးများကို ရှိခိုးဦးတင်လျက်



ဆရာမင်းသိခ်၊ ပျဉ်းမနားမြင့်လှိုင်၊ မင်းသမီးချိုပြုံး

## မြန်မာ့ရိုးရာဗေဒင်၏ အခြေခံမဟာဘုတ်ဗေဒင်


မဟာဘုတ်ဗေဒင်ဟာ ဘယ်ခေတ်အခါက ပေါ်ပေါက်လာတယ်လို့ သမိုင်းမှာ အတိအကျ မဆိုထားပေမယ့်... ပုဂံခေတ်က အသုံးပြုခဲ့တယ်လို့ စဉ်းစားဖွယ်ရာ အချက်တွေကို တွေ့နေရတယ်။

မဟာဘုတ်ဗေဒင်မှာ ‘**တနင်္ဂနွေ**’၊ ‘**တနင်္လာ**’၊ ‘**အင်္ဂါ**’၊ ‘**ဗုဒ္ဓဟူး**’၊ ‘**ကြာသပတေး**’၊ ‘**သောကြာ**’၊ ‘**စနေ**’… ဆိုတဲ့ ဂြိုဟ်ခုနှစ်လုံးကို အသုံးပြုတယ် ။ ပထမဦးဆုံး… အဲဒီဂြိုဟ် ခုနစ်လုံးကို ‘**ဂဏန်း**’နဲ့ တွဲမှတ်ထားရမယ်။

| ဂြိုဟ်အမည် | ဂဏန်း |
| --- | --- |
| တနင်္ဂနွေ | ၁ |
| တနင်္လာ | ၂ |
| အင်္ဂါ | ၃ |
| ဗုဒ္ဓဟူး | ၄ |
| ကြာသပတေး | ၅ |
| သောကြာ | ၆ |
| စနေ | ၇/၀ |

စနေဂြိုဟ်ကို ‘၇’ရေးလည်း ရတယ်။ ‘၀’ရေးလည်း ရတယ်။


မဟာဘုတ်ဗေဒင်မှာ **‘ဘင်္ဂ’**၊ **‘မရဏ’**၊ **‘အထွန်း’**၊ **‘သိုက်’**၊ **‘ရာဇ’**၊ **‘ပုတိ**
**’**၊ **‘အဓိပတိ’**ဟူတဲ့ ဂြိုဟ်ခွင် ခုနစ်ခွင်ကိုလည်း သတ်မှတ်ထားပါတယ်။




မဟာဘုတ်ဗေဒင်၏ တွက်နည်းက လွန်စွာ လွယ်ကူပါတယ်။ တွက်မယ့်သူရဲ့ မြန်မာသက္ကရာဇ်ကို ‘၇’ဖြင့် စားရတယ်။ စားလို့ ရတဲ့ အကြွင်းကို ‘ဘင်္ဂ’ဂြိုဟ်ခွင်မှာ ထည့်ရတယ်။ အဲဒီလို ထည့်ရာမှာ ‘စတုရန်းလက်ာ’ဖြစ်တဲ့ ဂြိုဟ်တစ်ခုနှင့်တစ်ခု လေးခုမြောက်ကွာတဲ့ (**အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ**) ဆိုတဲ့ လက်ာနဲ့ **‘ဘင်္ဂ’**၊ **‘မရဏ’**၊ **‘အထွန်း’**၊ **‘သိုက်’**၊ **‘ရာဇ’**၊ **‘ပုတိ’**၊ **‘အဓိပတိ’** ဆိုတဲ့ ဂြိုဟ်ခွင် အစီအစဉ်အတိုင်း ချသွားရတယ်။

‘စတုရန်းလက်ာ’ဟာ ရောက်တဲ့ နေရာမှ စပြီး ဆိုရတဲ့

ပတ်လည်လက်ကြာဖြစ်တယ်။




(မှတ်ချက်။ ။ မြန်မာ့ရိုးရာဗေဒင်တွင် စနေဂြိုလ်ကို (၇)ရေးလျှင်လည်း ရတယ်။ (၀) ရေးလျှင်လည်း ရတယ်။)

'၁' ကြွင်းလျှင် –

| အောင် | လံ | ထူ | စစ် | သူ | ကြီး | ပွဲ |
|---|---|---|---|---|---|---|
| ၁ | ၄ | ၀ | ၃ | ၆ | ၂ | ၅ |

'၁' ကြွင်းမဟာဘုတ်ရှင်

| | | |
|---|---|---|
| | အဓိပတိ<br>၅ | |
| အထွန်း<br>၀ | သိုက်<br>၃ | ရာဇ<br>၆ |
| မရဏ<br>၄ | ဘင်္ဂ*<br>၁ | ပုတိ<br>၂ |

တနင်္ဂနွေ ⟶ ဘင်္ဂဖွား

တနင်္လာ ⟶ ပုတိဖွား

အင်္ဂါ ⟶ သိုက်ဖွား

ဗုဒ္ဓဟူး ⟶ မရဏဖွား

ကြာသပတေး ⟶ အဓိပတိဖွား

သောကြာ ⟶ ရာဇဖွား

စနေ ⟶ အထွန်းဖွား

'၂' ကြွင်းလျှင် –

| ကြီး | ပွဲ | အောင် | လံ | ထူ | စံ | သူ |
|---|---|---|---|---|---|---|
| ၂ | ၅ | ၁ | ၄ | ၀ | ၃ | ၆ |

'၂' ကြွင်းမဟာဘုတ်ခွင်

| | | |
|---|---|---|
| | အဓိပတိ<br>၆ | |
| အထွန်း<br>၁ | သိုက်<br>၄ | ရာဇ<br>၀ |
| မရဏ<br>၅ | ဘင်္ဂ *<br>၂ | ပုတိ<br>၃ |

တနင်္ဂနွေ ⟶ အထွန်းဖွား
တနင်္လာ ⟶ ဘင်္ဂဖွား
အင်္ဂါ ⟶ ပုတိဖွား
ဗုဒ္ဓဟူး ⟶ သိုက်ဖွား
ကြာသပတေး ⟶ မရဏဖွား
သောကြာ ⟶ အဓိပတိဖွား
စနေ ⟶ ရာဇဖွား

‘၃’ကြွင်းလျှင် –

| စစ် | သူ | ကြီး | ပွဲ | အောင် | လံ | ထူ |
|---|---|---|---|---|---|---|
| ၃ | ၆ | ၂ | ၅ | ၁ | ၄ | ၀ |

‘၃’ ကြွင်းမဟာဘုတ်ခွင်

| | | |
|---|---|---|
| | အဓိပတိ<br>၀ | |
| အထွန်း<br>၂ | သိုက်<br>၅ | ရာဇ<br>၁ |
| မရဏ<br>၆ | ဘင်္ဂ*<br>၃ | ပုတိ<br>၄ |

တနင်္ဂနွေ → ရာဇဖွား

တနင်္လာ → အထွန်းဖွား

အင်္ဂါ → ဘင်္ဂဖွား

ဗုဒ္ဓဟူး → ပုတိဖွား

ကြာသပတေး → သိုက်ဖွား

သောကြာ → မရဏဖွား

စနေ → အဓိပတိဖွား

'၄' ကြွင်းလျှင် –

| လံ | ထူ | စစ် | သူ | ကြီး | ပွဲ | အောင် |
|---|---|---|---|---|---|---|
| ၄ | ၀ | ၃ | ၆ | ၂ | ၅ | ၁ |

'၄' ကြွင်းမဟာဘုတ်ခွင်

| | | |
|---|---|---|
| | အဓိပတိ<br>၁ | |
| အထွန်း<br>၃ | သိုက်<br>၆ | ရာဇ<br>၂ |
| မရဏ<br>၀ | ဘင်္ဂ*<br>၄ | ပုတိ<br>၅ |

တနင်္ဂနွေ → အဓိပတိဖွား

တနင်္လာ → ရာဇဖွား

အင်္ဂါ → အထွန်းဖွား

ဗုဒ္ဓဟူး → ဘင်္ဂဖွား

ကြာသပတေး → ပုတိဖွား

သောကြာ → သိုက်ဖွား

စနေ → မရဏဖွား

'၅' ကြွင်းလျှင် –

| ပွဲ | အောင် | လံ | ထူ | စစ် | သူ | ကြီး |
|---|---|---|---|---|---|---|
| ၅ | ၁ | ၄ | ၀ | ၃ | ၆ | ၂ |

'၅' ကြွင်းမဟာဘုတ်ခွင်

| | | |
|---|---|---|
| | အဓိပတိ<br>၂ | |
| အထွန်း<br>၄ | သိုက်<br>၀ | ရာဇ<br>၃ |
| မရဏ<br>၁ | ဘင်္ဂ*<br>၅ | ပုတိ<br>၆ |

တနင်္ဂနွေ ⟶ မရဏဖွား

တနင်္လာ ⟶ အဓိပတိဖွား

အင်္ဂါ ⟶ ရာဇဖွား

ဗုဒ္ဓဟူး ⟶ အထွန်းဖွား

ကြာသပတေး ⟶ ဘင်္ဂဖွား

သောကြာ ⟶ ပုတိဖွား

စနေ ⟶ သိုက်ဖွား

'၆' ကြွင်းလျှင် –

| | | | | | | |
|---|---|---|---|---|---|---|
| သူ | ကြီး | ပွဲ | အောင် | လံ | ထူ | စစ် |
| ၆ | ၂ | ၅ | ၁ | ၄ | ၀ | ၃ |

'၆' ကြွင်းမဟာဘုတ်ခွင်

| | | |
|---|---|---|
| | အဓိပတိ ၃ | |
| အထွန်း ၅ | သိုက် ၁ | ရာဇ ၄ |
| မရဏ ၂ | ဘင်္ဂ* ၆ | ပုတိ ၀ |

တနင်္ဂနွေ ⟶ သိုက်ဖွား

တနင်္လာ ⟶ မရဏဖွား

အင်္ဂါ ⟶ အဓိပတိဖွား

ဗုဒ္ဓဟူး ⟶ ရာဇဖွား

ကြာသပတေး ⟶ အထွန်းဖွား

သောကြာ ⟶ ဘင်္ဂဖွား

စနေ ⟶ ပုတိဖွား

'သုည' ကြွင်းလျှင် -

| ထူ | စစ် | သူ | ကြီး | ပွဲ | အောင် | လံ |
|---|---|---|---|---|---|---|
| ၀ | ၃ | ၆ | ၂ | ၅ | ၁ | ၄ |

'သုည' ကြွင်းမဟာဘုတ်ခွင်

| | | |
|---|---|---|
| | အဓိပတိ ၄ | |
| အထွန်း ၆ | သိုက် ၂ | ရာဇ ၅ |
| မရဏ ၃ | ဘင်္ဂ* ၀ | ပုတိ ၁ |

တနင်္ဂနွေ → ပုတိဖွား

တနင်္လာ → သိုက်ဖွား

အင်္ဂါ → မရဏဖွား

ဗုဒ္ဓဟူး → အဓိပတိဖွား

ကြာသပတေး → ရာဇဖွား

သောကြာ → အထွန်းဖွား

စနေ → ဘင်္ဂဖွား

ဒီလောက်ဆိုရင် မဟာဘုတ်ခွင် ချတတ်ပြီး မဟာဘုတ်တိုင် ထူတတ်ပါပြီ။ ဟော့ ဒီလို... ခုနှစ်သက္ကရာဇ်တွေကို ‘၇’နဲ့ စားပြီး အကြွင်းကို ဖော်ပြထားတဲ့ ဇယားကွက်လေး ရှိရင်တော့ ပိုအဆင်ပြေပါတယ်။

| ဖွားသက္ကရာဇ် | ဖွားသက္ကရာဇ် | ဖွားသက္ကရာဇ် | ဖွားသက္ကရာဇ် | အကြွင်း |
|---|---|---|---|---|
| ၁၂၈၉ | ၁၃၁၀ | ၁၃၃၁ | ၁၃၅၂ | ၁ |
| ၁၂၉၀ | ၁၃၁၁ | ၁၃၃၂ | ၁၃၅၃ | ၂ |
| ၁၂၉၁ | ၁၃၁၂ | ၁၃၃၃ | ၁၃၅၄ | ၃ |
| ၁၂၉၂ | ၁၃၁၃ | ၁၃၃၄ | ၁၃၅၅ | ၄ |
| ၁၂၉၃ | ၁၃၁၄ | ၁၃၃၅ | ၁၃၅၆ | ၅ |
| ၁၂၉၄ | ၁၃၁၅ | ၁၃၃၆ | ၁၃၅၇ | ၆ |
| ၁၃၉၅ | ၁၃၁၆ | ၁၃၃၇ | ၁၃၅၈ | ၀ |
| ၁၂၉၆ | ၁၃၁၇ | ၁၃၃၈ | ၁၃၅၉ | ၁ |
| ၁၂၉၇ | ၁၃၁၈ | ၁၃၃၉ | ၁၃၆၀ | ၂ |
| ၁၂၉၈ | ၁၃၁၉ | ၁၃၄၀ | ၁၃၆၁ | ၃ |
| ၁၂၉၉ | ၁၃၂၀ | ၁၃၄၁ | ၁၃၆၂ | ၄ |

ဥပမာတစ်ခုပြပါမယ်။ မြန်မာသက္ကရာဇ် ၁၃၁၂ ခုနှစ်ဖွား… ဗုဒ္ဓဟူး သား။ သူ ဘာဖွားလည်း တွက်ကြည့်မယ်။

| ဖွားသက္ကရာဇ် | ဖွားသက္ကရာဇ် | ဖွားသက္ကရာဇ် | ဖွား [illegible] ာဇ် | အကြွင်း |
|---|---|---|---|---|
| ၁၃၀၀ | ၁၃၂၁ | ၁၃၄၂ | ၁၃၆၃ | ၅ |
| ၁၃၀၁ | ၁၃၂၂ | ၁၃၄၃ | ၁၃၆၄ | ၆ |
| ၁၃၀၂ | ၁၃၂၃ | ၁၃၄၄ | ၁၃၆၅ | ၀ |
| ၁၃၀၃ | ၁၃၂၄ | ၁၃၄၅ | ၁၃၆၆ | ၁ |
| ၁၃၀၄ | ၁၃၂၅ | ၁၃၄၆ | ၁၃၆၇ | ၂ |
| ၁၃၀၅ | ၁၃၂၆ | ၁၃၄၇ | ၁၃၆၈ | ၃ |
| ၁၃၀၆ | ၁၃၂၇ | ၁၃၄၈ | ၁၃၆၉ | ၄ |
| ၁၃၀၇ | ၁၃၂၈ | ၁၃၄၉ | ၁၃၇၀ | ၅ |
| ၁၃၀၈ | ၁၃၂၉ | ၁၃၅၀ | ၁၃၇၁ | ၆ |
| ၁၃၀၉ | ၁၃၃၀ | ၁၃၅၁ | ၁၃၇၂ | ၀ |
| | | | ၁၃၇၃ | ၁ |
| | | | ၁၃၇၄ | ၂ |
| | | | ၁၃၇၅ | ၃ |
| | | | ၁၃၇၆ | ၄ |

မြန်မာ့သက္ကရာဇ် ... ၁၃၁၂ ခုနှစ်ဖွား... ဗုဒ္ဓဟူးသားသမီးတိုင်းက 'ပု

**တိဖွား**'ပါ။ အဲဒီနှစ်မှာ ပဲ တနင်္ဂနွေသားသမီးက '**ရာဇဖွား**'။ တနင်္လာသား သမီးက '**အထွန်းဖွား**'၊ အင်္ဂါသားသမီးက '**ဘင်္ဂဖွား**'။ ကြာသပတေးသား သမီးက '**သိုက်ဖွား**'။ သောကြာသားသမီး '**မရဏဖွား**'။ စနေသားသမီး '**အဓိပတိဖွား**'။

'မဟာဘုတ်ဗေဒင်'ကို လေ့လာတွက်ချက်တဲ့ အခါမှာ 'ဂြိုဟ်'တွေကို အသံနဲ့ တွဲမှတ်ထား ရပါတယ်။

(၁) တနင်္ဂနွေဂြိုဟ် = အ၊ အာ၊ အိ၊ အီ၊ အု၊ အူ၊ အေ၊ အဲ၊ အော့၊ အော်၊ အံ၊ အား။

(၂) တနင်္လာဂြိုဟ် = က၊ ခ၊ ဂ၊ ဃ၊ င။

(၃) အင်္ဂါဂြိုဟ် = စ၊ ဆ၊ ဇ၊ ဈ၊ ည

(၄) ဗုဒ္ဓဟူးဂြိုဟ် = လ၊ ဝ၊ (ယ၊ရ)။

(၅) ကြာသပတေးဂြိုဟ် = ပ၊ ဖ၊ ဗ၊ ဘ၊ မ။

(၆) သောကြာဂြိုဟ် = သ၊ ဟ။

(၇) စနေဂြိုဟ် = တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ။

## မဟာဘုတ်ဗေဒင်၏ ဂြိုဟ်ခုနစ်ခွင် (ခုနစ်ဌာန)၏ အဓိပ္ပာယ်

(၁) ပုတိ = မထင်ရှားခြင်း၊ တိမ်မြုပ်ခြင်း။

(၂) ဘင်္ဂ = ပျက်စီးခြင်း။

(၃) မရဏ = ရွှေ့လျားခြင်း။

(၄) အထွန်း = ထွန်းတောက်ခြင်း၊ ထင်ရှားခြင်း။

(၅) သိုက် = သိမ်းဆည်းခြင်း၊ သိုဝှက်ခြင်း။

(၆)ရာဇ = မင်းဆန်ခြင်း၊ ဟိတ်ဟန်ကြီးခြင်း။

(၇) အဓိပတိ = အကြီးအကဲဖြစ်ခြင်း၊ အုပ်ချုပ်ခြင်း။

'**ဘင်္ဂဖွား**'ဖြစ်လျှင်... အပြောင်းအလဲ လုပ်တတ်တယ်။ စိတ်ဓာတ်မခိုင်ဘူး။ စိတ်မတည် မငြိမ်ဖြစ်မယ်။ ပျက်စီးလွယ်တတ်တယ်။

'**မရဏဖွား**'ဖြစ်လျှင်... စိတ်ဓာတ်ပျော့ညံ့တယ်။ ကျန်းမာရေး ညံ့တတ်တယ်။ သည်းခံနိုင်မှု မရှိဘူး။

'**အထွန်းဖွား**'ဖြစ်လျှင်... ထင်ထင်ပေါ်ပေါ် နေတတ်တယ်။ ကြွားကြွားဝါဝါ ပြောဆိုတတ်တယ်။ စပ်စုတတ်တယ်။

'**သိုက်ဖွား**'ဖြစ်လျှင်... စေ့စပ်သေချာတယ်။ စည်းကမ်းကြီးတယ်။ သောကများ တတ်တယ်။ သူတစ်ပါးကို အထင်လွဲတတ်တယ်။

'**ရာဇဖွား**'ဖြစ်လျှင်... ဟိတ်ဟန်ကောင်းတယ်။ ပါးရည်နပ်ရည် ရှိတယ်။ ပေါင်းသင်း ဆက်ဆံရေးမှာ ပရိယာယ်ကြွယ်တယ်။

'**ပုတိဖွား**'ဖြစ်လျှင်... သိုသိုသိပ်သိပ် နေတတ်တယ်။ လျှို့ဝှက်တတ်တယ်။ ထင်ပေါ်မှုကို ကြောက်တယ်။

'**အဓိပတိဖွား**'ဖြစ်လျှင်... မာန်မာနကြီးတယ်။ ရည်ရွယ်ချက် ကြီးမားတယ်။ မဖြစ်မနေ လုပ်တတ်တယ်။ စိတ်ကြီးဝင်တယ်။